ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

လူမှုဝန်ထမ်းဦးစီးဌာန

# လျှောက်လွှာခေါ်ယူခြင်း

၁၃၈၃ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်

(၂၀၂၁ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်)

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်လူမှုဝန်ထမ်းရုံးများတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် ခန့်ထားရန်အတွက် ယှဉ်တွဲဖော်ပြပါသတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး/ လစာနှုန်းထား(ကျပ်) | ခန့်ထားမည့် ရာထူးနေရာ | အနိမ့်ဆုံးရှိရမည့် ပညာအရည်အချင်း |
|---|---|---|---|
| (က) | အငယ်တန်းစာရေး (လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၁၂၀ နေရာ | ပညာရေးဝန်ကြီးဌာန |
| (ခ) | လက်ထောက်နည်းပြ (လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၃၉ နေရာ | အသိအမှတ်ပြုတက္ကသိုလ် တစ်ခုခုမှဘွဲ့တစ်ခုရရှိရ |
| (ဂ) | လူမှုဝန်ထမ်း(၄) (လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၂၅၀ နေရာ | မည်။ |
| (ဃ) | လူမှုဝန်ထမ်း(၅) (လစာနှုန်း ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ၁၁၀ နေရာ | အခြေခံပညာအထက်တန်း အောင်မြင်ရမည်။ |
| (င) | ယာဉ်မောင်း(၅) (လစာနှုန်း ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ၁၁ နေရာ | အခြေခံပညာ အလယ်တန်းအဆင့် ယာဉ်မောင်းလိုင်စင်(ခ) ရှိရမည်။ |
| (စ) | အစောင့် (လစာနှုန်း ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၁၀ နေရာ | ရေးတတ်/ဖတ်တတ် ရှိရမည်။ |
| (ဆ) | ရုံးအကူ (လစာနှုန်း ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၁၀ နေရာ | အခြေခံပညာ အလယ်တန်း အဆင့်ရှိရမည်။ |

၂။ အထက်ဖော်ပြပါရာထူးနေရာများအတွက် လျှောက်ထားသူများသည် ရွေးချယ်ခြင်းခံရပါက တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်များတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ကျန်းမာရေးကောင်းမွန်ပြီး ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဂ) အမှတ်စဉ်(က) (ခ) (ဂ) (ဃ) (ဆ)လျှောက်ထားသူများသည် (၃၁-၇-၂၀၂၁)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၀)နှစ်ထက်မကျော်စေရ။

(ဃ) အမှတ်စဉ်(င) (စ) လျှောက်ထားသူများသည် (၃၁-၇-၂၀၂၁)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၅)နှစ်ထက်မကျော်စေရ။

(င) ဝန်ထမ်းအဖြစ်ခန့်အပ်ခြင်းခံရပါက အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်ရမည်။

၃။ လျှောက်လွှာပုံစံအား တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်လူမှုဝန်ထမ်းရုံးများတွင် ထုတ်ယူရမည်ဖြစ်ပြီး လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲတင်ပြရမည်-

(က) ဘွဲ့လက်မှတ်မိတ္တူ

(ခ) အခြေခံပညာ အထက်တန်းအောင်လက်မှတ်မိတ္တူ

(ဂ) အမှတ်စဉ်(င)(ဆ) လျှောက်ထားသူများသည် အခြေခံအလယ်တန်းအဆင့် အထောက်အထားမိတ္တူ

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(င) အိမ်ထောင်စုစာရင်းမိတ္တူ

(စ) အလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဆ) လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်းနှင့် ပတ်စပို့အရွယ် ဓါတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ အစိုးရဌာနများတွင် လက်ရှိတာဝန်ထမ်းဆောင်နေသည့်ဝန်ထမ်းများ ဝင်ရောက်ဖြေဆိုခွင့် မပြုပါ။

၅။ လျှောက်လွှာများကို လူမှုဝန်ထမ်းဦးစီးဌာန၊ရုံးချုပ်၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်လူမှုဝန်ထမ်းရုံးများတွင် (၂-၈-၂၀၂၂)ရက်နေ့မှ (၁၀-၈-၂၀၂၂)ရက်နေ့အတွင်းထုတ်ယူနိုင်ပြီး (၁၃-၈-၂၀၂၂)ရက်နေ့နောက်ဆုံးထား၍ လူမှုဝန်ထမ်းဦးစီးဌာန၊ ရုံးအမှတ်(၂၃)/ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်လူမှုဝန်ထမ်းရုံးများတွင် လူကိုယ်တိုင်လာရောက်လျှောက်ထားရမည်။

၆။ မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတဘာသာရပ်များကို COVID-19 ညွှန်ကြားချက်နှင့်အညီ ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး အမှတ်စဉ်(က) (ခ) (ဂ) (ဃ)လျှောက်ထားသူများသည် ရေးဖြေ၊ လူတွေ့နှုတ်ဖြေတို့ကို သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်တို့တွင် ဖြေဆိုရမည် ဖြစ်သည်။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်များတွင် အငယ်တန်းစာရေး၊ လက်ထောက်နည်းပြ၊ လူမှုဝန်ထမ်း(၄)၊ လူမှုဝန်ထမ်း(၅) ဖြေဆိုမည့်သူများသည် (၁၇-၈-၂၀၂၂)နေ့တွင် ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး လူတွေ့စာမေးပွဲအား (၂၀-၈-၂၀၂၂)ရက်နေ့တွင် ဖြေဆိုရမည်ဖြစ်ပါသည်။ ယာဉ်မောင်း(၅)ရာထူးအတွက် (၁၈-၈-၂၀၂၂)ရက်နေ့တွင် လူတွေ့စစ်ဆေးမည်ဖြစ်ကြောင်းနှင့် ဝန်ကြီးဌာန၏ Website w w w.moswrr.gov.mm တွင်ဖော်ပြထားပါမည်။

၇။ ဝင်ခွင့်စာမေးပွဲနှင့် အခြားသိရှိလိုသည်များ ဆက်သွယ်စုံစမ်းနိုင်ရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာန၊ ရုံးချုပ် တယ်လီဖုန်းအမှတ် ၀၆၇-၄၀၄၁၀၂ ၊ ကချင်ပြည်နယ်လူမှု ဝန်ထမ်းရုံး ၀၇၄-၂၃၂၃၇၃ ၊ ကယားပြည်နယ်လူမှုဝန်ထမ်းရုံး ၀၈၃-၂၂၂၀၅၄ ၊ ကရင်ပြည်နယ်လူမှု ဝန်ထမ်းရုံး ၀၅၈-၂၁၀၆၃၊ ချင်းပြည်နယ်လူမှုဝန်ထမ်းရုံး ၀၇၀-၂၁၀၆၈၊ မွန်ပြည်နယ်လူမှုဝန်ထမ်းရုံး ၀၅၇-၂၀၂၇၂၅ ၊ ရခိုင်ပြည်နယ်လူမှုဝန်ထမ်းရုံး ၀၄၃-၂၂၀၁၇ ၊ ရှမ်းပြည်နယ်လူမှုဝန်ထမ်းရုံး ၀၈၁-၂၁၂၁၁၆၊ ရန်ကုန်တိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး ၀၁-၆၅၈၀၂၇ ၊ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး ၀၂-၄၀၇၂၀၃၊ ပဲခူးတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး ၀၅၂-၂၂၃၂၂၆ ၊ မကွေးတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး ၀၆၃-၂၀၂၈၃၃၈၊ စစ်ကိုင်းတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး ၀၇၁-၂၆၂၇၁ ၊ ဧရာဝတီတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး ၀၄၂-၂၄၂၇၂ ။ တနင်္သာရီတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး ၀၅၉-၂၀၂၃၄၉၇သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

# အလုပ်လျှောက်လွှာပုံစံ

သို့

ညွှန်ကြားရေးမှူးချုပ်
လူမှုဝန်ထမ်းဦးစီးဌာန
နေပြည်တော်

ရက်စွဲ၊ - -၂၀၂၁

အကြောင်းအရာ။ **အလုပ်ခန့်ထားရေးစာမေးပွဲ ဝင်ရောက်ဖြေဆိုခွင့်လျှောက်ထားခြင်း**

ကျွန်တော်/ကျွန်မသည် လူမှုဝန်ထမ်းလုပ်ငန်းများကို စိတ်ပါဝင်စားပါသဖြင့် လူမှုဝန်ထမ်းဦးစီးဌာန------------------ရုံးတွင် လစ်လပ်လျက်ရှိသော ------------------ ရာထူးအတွက် ဝန်ထမ်းသစ်ခန့်ထားရေး စာမေးပွဲဝင်ရောက်ဖြေဆိုခွင့်ပြုပါရန် လျှောက်ထားအပ်ပါသည်-

| | | |
|---|---|---|
| ၁။ | အမည် | ---------------------------------------- |
| ၂။ | အဘအမည် | ---------------------------------------- |
| ၃။ | မွေးသက္ကရာဇ် | ---------------------------------------- |
| ၄။ | လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ | ---------------------------------------- |
| ၅။ | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ---------------------------------------- |
| ၆။ | ပညာအရည်အချင်း | ---------------------------------------- |
| ၇။ | တက်ရောက်ခဲ့ဖူးသောသင်တန်း | ---------------------------------------- |
| | | ---------------------------------------- |
| ၈။ | မွေးဖွားရာဇာတိ | ---------------------------------------- |
| ၉။ | နေရပ်လိပ်စာအပြည့်အစုံ | ---------------------------------------- |
| | | ---------------------------------------- |
| ၁၀။ | ဆက်သွယ်ရမည့်လိပ်စာ အပြည့်အစုံ | ---------------------------------------- |
| | | ---------------------------------------- |
| ၁၁။ | ဖုန်းနံပါတ် | ---------------------------------------- |

လေးစားစွာဖြင့်

မောင်/မ------------------------

---------------------မြို့

D/HeadOffice/2020/2020(service)(243)2